# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၃၀–၁–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၂၁–၁–၂၀၁၇ မှ ၂၇–၁–၂၀၁၇ ရက်နေ့အထိ ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၈–၁–၂၀၁၇ မှ ၂၁–၁–၂၀၁၇ ရက်နေ့အထိ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **ယခုနှစ်မိုးရာသီတွင် ရေနစ်မြုပ်ခဲ့သည့် ဒေသများရှိ ပျက်စီးခဲ့သော လယ်ယာများအတွက် မျိုးစပါးများ ကူညီခဲ့သော်လည်း စိုက်ပျိုးချိန်မမီတော့သည့် တောင်သူလယ်သမား များကို ဆောင်းသီးနှံနှင့် နွေစပါးတို့အတွက် မျိုး(စပါး) ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ အတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ နစ်မြုပ်ပျက်စီး ဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေရန်ပုံငွေမှ သီးသန့်ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ မုံညှင်းကျေးရွာမှ ကြီးအုံကြီးဝတမံလမ်းသို့ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်သည့် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ အင်းခေါင်း ရေထွက် ရေကန်၏ နုန်းတာတမံ ကန်ပတ်လမ်းများ တည်ဆောက်ခြင်း၊ ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း၊ နုန်းထုတ်မြေတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်နေသော ရန်ပုံငွေများ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့ဘေးကပ်လျက်ရှိ စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာ Company များအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်က **"ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။